## မြန်မာတပ်မတော်မှ TNLA ၏ အမာခံသတင်းပေးသူဟု စွပ်စွဲပြီး ပစ်ခတ်သတ်ဖြတ်လိုက်သည့် ကွတ်ခိုင် ဒေသခံကိုစွနှင့်စပ်လျဉ်းသည့် သတင်းရှင်းလင်းချက်

၂၀၁၇ ခုနှစ် မတ်လ ၁၁ ရက်

မြန်မာ့တပ်မတော်မှTNLAတပ်ဖွဲ့မှအမာခံသတင်းပေးသူဟုစွပ်စွဲကာ ပစ်ခတ်သတ်ဖြတ်လိုက်သည့် ကွတ်ခိုင်မြို့နယ်၊ဟိုနောင်ကျေးရွာအုပ်စု၊ ပန်လော့ကျေးရွာနေ (ဘ) ဦးအိုက်ဒုတ် + ဒေါ်အီတို့၏သား အသက် (၂၄) နှစ် မိုင်းအလေဲဂ်းဒုတ်သည် ၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက် နေ့ မွန်းလွဲ ၁၆:၀၀ နာရီချိန်တွင်မြန်မာစစ်တပ်၏ပစ်ခတ်လိုက်သည့်ဒဏ်ရာဖြင့်လားရှိုးတပ်မတော်ဆေးရုံတွင် သေဆုံးသွားကြောင်း သိရသည်။ မိုင်းအလေဲဂ်းဒုတ်သည် တအာင်းတပ်မတော်၏ သတင်းပေးသူ၊ ပါဝင်ပတ်သက်သူ မဟုတ်ဘဲ သာမန်အရပ် သားသာဖြစ်ကြောင်း ရှင်းလင်းအပ်ပါသည်။

မြန်မာ့တပ်မတော်မှအပြစ်မဲ့အရပ်သားတစ်ဦးအား သတ်ဖြတ်ခဲ့ပြီးတာဂန်ယူမှုတာဝန်ခံမှုမရှိသည့် အပြင် တပ်မတော်ကာကွယ်ရေး စစ်ဦးစီးချုပ်ရုံးမှTNLAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အမာခံသတင်း ပေးသူဟုစွပ်စွဲကာ မဟုတ်မမှန်သတင်းထုတ်ပြန်ခဲ့ပါသည်။

မြန်မာတပ်မတော်၏သတ်ဖြတ်ခြင်းခံရသူ မိုင်းအလေဝ်းဒုတ်သည် ကွတ်ခိုင်မြို့နယ်၊ ဟိုနောင်ကျေးရွာ အုပ်စု ပန်လော့ကျေးရွာနေ (ဘ) ဦးအိုက်ဒုတ်၏သားဖြစ်ပြီး ပစ်ခတ်သတ်ဖြတ်ခြင်းမခံရမီ မန္တလေးရှိ ဆွေမျိုးထံ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုင်းအလေဝ်းဒုတ်သည် သူ၏ မိတ်ဆွေများနှင့်အတူ ကွတ်ခိုင်မြို့မှတဆင့် ပဲခူးမြို့တွင် ကိုရင်ဝတ် နေသည့် သူ၏ညီမိုင်းအငိုဒုတ်ထံ သွားရောက်ရန်ရှည်ချက်ဖြင့် ရွာမှထွက်ခွာကာ ပြည်ထောင်စု လမ်းမကြီး အနီးရှိ ဟိုကျန့်ရွာ ရောက်ရှိစဉ် ဟိုကျန့်ရွာတွင် မြန်မာတပ်မတော်တပ်ဖွဲ့ဝင်တို့ ကားသုံးစီးဖြင့် ရောက်ရှိနေ သည်ကို တွေ့ရသောကြောင့် မြန်မာတပ်မတော်တို့မှ မတရားဖမ်းဆီးပြီး တပ်သားသစ်စုဆောင်းရေးပြုလုပ်မည် ကြောက်လန့်သော ကြောင့် ရှောင်ထွက်ပြေးစဉ် တပ်မတော်မှ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာတပ်မတော်မှ မိုင်းအလေဝ်းဒုတ်နှင့် သူ၏ သူငယ်ချင်းအား သေနတ်ဖြင့် ပစ်ခတ်သောကြော င့် မိုင်းအလေဝ်းဒုတ်ဝမ်းဗိုက်အားထိမှန်ကာပြင်းထန်စွာဒဏ်ရာရရှိပြီး နောက်တွင်လိုက်လံ ပစ်ခတ်သည့်တပ်မတော်များမှလည်း နိပ်စက်ညှင်းပန်းခဲ့ရာအဆိုပါဒဏ်ရာများကြောင့်ဆေးရုံတွင် ဆေးကုသသော်လည်း ကုသမမှီပဲ သေဆုံးခဲ့ရသည်။

မသေဆုံးမီ ဆေးရုံတွင် ဆေးကုသစဉ်လည်း မြန်မာစစ်တပ်မှ မိုင်းအလေဝ်းဒုတ်၏ မိသားစုဝင်များ အား တွေ့ဆုံခွင့် မပြုခဲ့သည့်အပြင် မိုင်းအလေဝ်းဒုတ်တွင် ပါသွားသည့် ကျပ်ငွေ ပိုက်ဆံ ၂ သိန်း နှင့် စမတ်ဖုန်း တစ်လုံးသည်လည်း မြန်မာတပ်မတော်မှ ယခုအချိန်အထိ မိသားစုထံပြန်လည် ပေးအပ်နံမရှိသေးပါ။

အပြစ်မဲ့အရပ်သားတစ်ဦးဖြစ်သည့် မိုင်းအလေဝ်းဒုတ်အား မြန်မာတပ်မတော်မှ သတ်ဖြတ်ခဲ့မှုအတွက် မြန်မာအစိုးရအဖွဲ့၊ ရပ်မိရပ်ဖများနှင့်အရပ်ဖက်အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများမှ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင့်လည်း နှိုးဆော်အပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန
PSLF/TNLA

---------------------------- 8 --------------------------------

## မြန်မာ့တပ်မတော် ထိုးစစ်ဆင်မှုကြောင့် တအာင်းတပ်မတော်နှင့် တိုက်ပွဲဖြစ်ပွား

၂၀၁၇ခုနှစ် မတ်လ ၁၁ ရက်နေ့

၂၀၁၇ခုနှစ် မတ်လ ၁၁ ရက် တအာင်းဒေသ တပ်မဟာ (၂) နယ်မြေ ၊ နမ့်ဆန်မြို့နယ် ၊ ဇယန်းမြောက်ကျေးရွာအနီး နံနက် ၁၁း၂၅ နာရီအချိန်တွင် မြန်မာ့တပ်မတော် တပ်မ ၈၈ နှင့် တအာင်းတပ်မတော်တို့နှစ်ဖ က်ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

မြန်မာ့တပ်မတော်သည်အာရမ်းကျေးရွာမှဇယန်းမြောက်ဘက်သို့ တက်လာစဉ် တအာင်းတပ်မတော် အင်္ဂေးကင်းအားစတင်ပစ်ခတ်လာသောကြောင့် တိုက်ပွဲဖြစ်ပွားခဲ့ရသည်။ တိုက်ပွဲတွင် မြန်မာ့တပ်မတော်ဘက်မှ ၂ ဦးကျဆုံးပြီး ၂ ဦး ဒဏ်ရာရှိကြောင်းသိရသည်။

ယခုတအာင်းတပ်မတော်နှင့် တိုက်ပွဲဖြစ်သည့် တပ်၈၈ တပ်ဖွဲ့သည်မတ်လ၉ရက်နေ့ အာရမ်းကျေးရွာ ဘုန်းကြီးကျောင်းတွင် ခဏတဖြုတ် အခြေချချိန် အရက်သေစာသောက်စားပြီး လက်နက်ကြီး/ငယ် ပစ်ခတ်မှုကြောင့် အသက် (၅၀) နှစ် အမျိုးသမီးတစ်ဦး ပုခုံးအားထိမှန်ခဲ့ပြီး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ ထိုသို့ လူ့အခွင့်အရေးချိုးဖောက် ပြီးနောက် တာဝန်ယူခြင်းမရှိဘဲ ကျေးရွာမှ တပ်ဖွဲ့ အပြောင်းအလဲပြုလုပ်ကာ ထွက်ခွါသွားခဲ့သည်။

PSLF/TNLA

သတင်းနှင့်ပြန်ကြားရေးဌာန

------------------------------------- 8 -------------------------------------

## တအာင်းဒေသ တပ်မဟာ(၅)နယ်မြေအတွင်း တအာင်းတပ်မတော်နှင့်မြန်မာ့နပ်မတော်တို့ တိုက်ပွဲဆက်လက်ဖြစ်ပွား

၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက်တအာင်းဒေသ တပ်မဟာ(၅)နယ်မြေ၊ ကွတ်ခိုင်မြို့နယ်၊ ကွမ်လုံလမ်းမကြီး နားတီးနှင့် နမ့်စလပ်ကြား မတ်လ(၁၀)ရက်နေ့ ည(၂၄း၀၀) နာရီအချိန်မှ (၂၄း၃၀)နာရီအချိန်ထိ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်TNLA တပ်ရင်း(၄၄၇) နှင့် မြန်မာ့တပ်မတော် တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

PSLF/TNLA

သတင်းနှင့်ပြန်ကြားရေးဌာန

---------------------------------------- 8 ----------------------------------------

## တအာင်းတပ်မတော် မိုင်းယုလေး မြန်မာ့တပ်မတော် တပ်စခန်းအား ဝင်ရောက်ရှင်းလင်း

၂၀၁၇ ခုနှစ် မတ်လ ၄ ရက်

တအာင်းဒေသ၊ တပ်မဟာ၁နယ်မြေ၊ကွတ်ခိုင်မြို့နယ်၊ မိုင်းယုလေးကျေးရွာရှိ မြန်မာ့တပ်မတော်တပ်မ၃၃တပ်စခန်းအား ယနေ့နံနက် ၀၃း၃၀ နာရီအချိန်တွင် ဝင်ရောက် ရှင်းလင်း ခဲ့သည်။
မိုင်းယုလေးကျေးရွာရှိ မြန်မာ့တပ်မတော် တပ်မ ၃၃ သည် ပန်း ဆေးပြည်သူ့စ စ် လက်အောက်ခံ ပြည်သူ့စစ် အဖွဲ့နှင့် ပူးပေါင်းကာ မိုင်းယုလေး ကျေးရွာတွင် စခန်း

ချပြီး မူးယစ်ဆေးဝါး မျိုးစုံ ရောင်းချဖြန့်ဖြူးခြင်း၊ ဒေသအတွင်း ခရီးသွားပြည်သူ များအား ဖမ်းဆီး ရိုက်နှက် စစ်ဆေးခြင်း၊ ဒေသခံများမှ စားသုံးရန် ဆန်၊ဆီ၊ ရိက္ခာများ သယ်ဆောင်လာပါကလည်း ကန့်သတ် ဖမ်းဆီးခြင်းနှင့် ရိုက်နှက်ခြင်းများ အကြိမ်ကြိမ် အခါခါ ကျူးလွန်ခဲ့သည်။

ထိုသို့အကြိမ်ကြိမ်အခါခါကျူးလွန်ချိုးဖောက်နေမှုကြောင့် တအာင်းလူထုမှ များစွာ ထိခိုက်နစ်နာမှု ရှိခဲ့သည်။ အဆိုးဆုံးမှာ ထိုစခန်း၌ အခြေချပြီး မူးယစ်ဆေးဝါး ဖြန့်ဖြူး ရောင်းချကာ ဒေသခံများ မူးယစ်ဆေးသုံးစွဲသူများပြား လာခဲ့သည်။ ဒုက္ခသည် စခန်းအထိ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချကာ ဒုက္ခသည်စခန်းတွင် နေထိုင်သူများ မူးယစ်သားကောင် ဖြစ်ခဲ့ရသည်။

ထိုသို့ တအာင်းလူထုများ ထိခိုက်ပျက်ဆီး လာနေမှုကြောင့် ထိုစခန်းအား ဝင်ရောက် ရှင်းလင်းရခြင်း ဖြစ်ပါသည်။

စခန်းအား လိုက်လံရှင်းလင်း ရာတွင် လက်နက်ငယ်  ၈ လက် ကျည်မျိုးစုံနှင့် တပ်မ ၃၃ ခမရ ၁၁၁ အမှတ်တံဆိပ်ပါ စစ်အသုံး အဆောင် ချပ်ဂတ်တန်ဆာများ သိမ်းဆည်းရမိသည်။

သတင်းနှင့်ပြန်ကြားရေးဌာန

---------------------------- <> ----------------------------